# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၁/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်။




" ××× ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တင်းမာတယ်။ တင်းမာတယ်လို့ပြောကြတယ်။ ဒါကတော့ အာဏာပိုင်တွေက ဝါဒဖြန့်တာပေါ့လေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်းမာတယ်။ ဒီလိုဝါဒဖြန့်တဲ့အခါမှာလည်း ဘယ်သူ့အတွက် ဝါဒဖြန့်သလဲ ဆိုတာ နည်းနည်းသိရအောင်လို့ စဉ်းစားလိုက်ရင် သူတို့အများသဖြင့်သုံးတာကတော့ (Flexible) မဖြစ်ဘူးပေါ့။ အင်္ဂလိပ်ဘာသာ စကားသုံးတာက ကမ္ဘာကို သူတို့က အသိပေးချင်တယ်နဲ့တူပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပျော့ပျောင်းမှုမရှိဘူးပေါ့။ တင်းမာတယ်။ (flexibility) မရှိဘူး (Inflexible) ဖြစ်တယ်။ ဒီလိုပြောကြတယ်။ အဲဒီတော့ ပျော့ပျောင်းမှုမရှိဘူးဆိုတာဟာ တခါတလေ ကျမ စဉ်းစားကြည့်တယ်။ ဘယ်အတွက်ပြောလိုတာလဲဆိုတာ သူတို့ပြောလိုတာက ကျမတို့ ဒူးခေါင်းတွေက မပျော့ဘူး။ ကျမတို့ ဒူးမထောက်တတ်ဘူး။ အဲ့ဒီတော့ အဲဒါကို ပြောလိုတာလား။ ဒူးခေါင်းနေရာမှာတော့ ကျမတို့က ပျော့ပြောင်းမှုမရှိဘူး မှန်ပါတယ်။ ဒါပေမယ့် ကျမတို့ နှလုံးသားရဲ့ဦးနှောက်ကတော့ ပျော့ပြောင်းမှုရှိပါတယ်လို့ ကျမတို့ ပြောချင်ပါတယ်။ မတရားတဲ့ အာဏာရှင်တွေ ရှေ့မှောက်မှာတော့ ဘယ်တော့မှဒူးမထောက်ဘူး။ သို့သော်ငြားလည်း ကျမတို့ရဲ့ နိုင်ငံရေးအကျိုးအတွက်၊ ကျမတို့ နိုင်ငံသူ နိုင်ငံသားများရဲ့ တိုးတက်ရေးအတွက်တော့ ကျမတို့ဟာ အပေးအယူလုပ်ဖို့ အဆင်သင့်ရှိတဲ့ ပျော့ပျောင်းမှုမျိုးတော့ ရှိတယ်ဆိုတာ ကျမတို့ ပြောချင်ပါတယ်။ ×××"

**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၁)နှစ်မြောက်နှစ်ပတ်လည်နေ့တွင်ပြောကြား အထွေထွေအတွင်းရေးမှူးမိန့်ခွန်းမှ)**

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ်(၅)လနဲ့(၁၂)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ


**၁။ ရန်ကုန်မြို့မှာ ဆေးသုတ်ကန့်ကွက်ပွဲ စတင်လှုပ်ရှား၊ တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ [၈၈] မျိုးဆက်က တောင်းဆို**

**၂။ [၈၈] မျိုးဆက်ကျောင်းသားများ ကြေညာချက်ထုတ်ပြန်ထား**

**၃။ စက်မှုဇုံများ အလုပ်သမားသမဂ္ဂ [ယာယီ]ကို ယနေ့ စတင်ဖွဲ့စည်း**

**၄။ ပုလိပ်မြို့ စစ်ကြောရေးတွင်သေဆုံးခဲ့သည့် ကိုဝင်းရွှေအမှုကို အသေးစိတ် စုံစမ်းဖော်ထုတ်ပေးရန် အဖွဲ့ချုပ်တောင်းဆိုထား**

**၅။ သေနတ်ဒဏ်ရာနှင့် NLD လူငယ်တဦး ဆေးကုသခွင့်မရ**

**၇။ ဖမ်းဆီးနှိပ်စက်မှုများကို စစ်အစိုးရဆက်လက် ပြုလုပ်နေ**

**၈။ သမီးကိုယ်စား အမယ်အိုတွေကို အာဏာပိုင်တွေက ဓားစာခံအဖြစ် ဖမ်းဆီးထား**

**၉။ နည်းဗျူဟာအသစ်ကို အသုံးပြုမည်**

**၁၀။ မြန်မာစစ်အစိုးရကို ဝေဖန်ထားတဲ့ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရဲ့ ကြေညာချက်ထုတ်ပြန်**

**၁၁။ နောက်ဆုံးရ မြန်မာပြည်တွင်းသတင်းများ**

**၁၂။ မကုလအထူးကိုယ်စားလှယ် ဂမ်ဘာရီ မြန်မာပြည်အပါအဝင် အိမ်နီးချင်းနိုင်ငံတွေကို မကြာခင် ထပ်သွားမည်ဟုဆို**

**၁၃။ မိသားစုဝင်များကို ဓားစာခံများအဖြစ် ဖမ်းဆီးနေခြင်းကို [၈၈] မျိုးဆက်ကျောင်းသားများက ဝေဖန်ရှုတ်ချ**


## ရန်ကုန်မြို့မှာ ဆေးသုတ်ကန့်ကွက်ပွဲ စတင်လှုပ်ရှား၊ တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ [၈၈] မျိုးဆက်က တောင်းဆို

*ဗွီအိုအေ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့မှာ ဖမ်းဆီးမှုတွေရှိနေတဲ့ တပြိုင်ထဲမှာပဲ လှုပ်ရှားမှုတွေကတော့ ဆက်ရှိနေဆဲပါ။ ရန်ကုန်မြို့ကနေရာတချို့မှာ စစ်အစိုးရကိုဆန့်ကျင်တဲ့စာတမ်းတွေကို အနီရောင် မှုတ်ဆေးတွေနဲ့ရေးတဲ့ လှုပ်ရှားမှုကိုကျောင်းသားတွေနဲ့ လူငယ်တွေ၊ အရပ်သားပြည်သူတွေက လုပ်ဆောင်ခဲ့တဲ့သတင်းတွေထွက်လာပါတယ်။ ဒီအတောအတွင်းမှာလည်း ၈၈ မျိုးဆက်ကျောင်းသားတွေကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီအကြောင်း ဒေါ်အေးအေးမာက တင်ပြထားပါတယ်။

လှုပ်ရှားမှုတွေကို စစ်အစိုးရက နှိမ်နင်းလိုက်အပြီးမှာတော့ အနီရောင်ဆေးတွေနဲ့ သန်းရွှေ လူသတ်သမား၊ Freedom စတဲ့ စာတမ်းတွေကို ရန်ကုန်မြို့က နေရာအနှံ့အပြားမှာ ကျောင်းသားတွေနဲ့ပြည်သူတွေက ဆေးများနဲ့ရေးချယ်ခဲ့ကြပါတယ်။ လူစည်ကားတဲ့ ဆူးလေဘုရားအနီးက ပြည်ထောင်စုကုန်းကျော်တံတားနဲ့ ရထားတွဲတွေပေါ်မှာလည်း သူတို့ရဲ့လှုပ်ရှားမှုတွေကိုလုပ်ခဲ့ကြောင်း လူငယ်အမျိုးသမီးတဦးက အခုလို ပြောပြပါတယ်။

"မြို့ထဲက ပြည်ထောင်စုကုန်းကျော်တံတားရယ်၊ နောက် သံလျင်သွားတဲ့ရထားရဲ့ နောက်ဆုံးသုံးတွဲရယ်၊ နောက်ပြီးတော့ တိုးကြောင်ကလေးသွားတဲ့ရထားရယ်၊ အဲဒီအပေါ်မှာ လုပ်ဖြစ်တယ်။ Freedom ဆိုတဲ့စာတမ်းရယ်၊ ဘေးက သန်းရွှေ ဆိုတဲ့စာရယ်ပေါ့။ တချို့ကို အင်္ဂလိပ်လိုရေးတယ်၊ တချို့လည်း ဗမာလိုပဲရေးလိုက်ကြတယ်။ Freedom တို့၊ Killer သန်းရွှေ တို့ဆိုတာကတော့ လူတိုင်းသိသိမသိသိ၊ သန်းရွှေဆိုတာကတော့ လူတိုင်းကသိနေတာပဲလေ။ သံလျင်ရထားဆိုတာက လယ်ကွင်းတွေဖက်ကို ဖြတ်မောင်းကြတာများတယ်လေ။ ဆိုတော့ တောသူ တောင်သားတွေ များသောအားဖြင့် ကြည့်ကြတယ်။ တယောက်စ၊ နှစ်ယောက်စ သိလာကြတာဆိုတော့ စိတ်ဝင်စားလို့ပေါ့နော်။ တိုးကြောင်ကလေး ဖက်ဆိုရင်တော့ လူတော်တော်များများသိမယ်။"

လူစည်ကားတဲ့လမ်းမတွေ၊ ဈေးတွေ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးတွေ၊ အစိုးရအဆောက်အဦးတွေနဲ့ မိမိတို့လုပ်လို့ရတဲ့နေရာတွေမှာ သန်းရွှေ လူသတ်သမားဆိုတဲ့ စာတမ်းတွေကို အနီရောင်မှုတ်ဆေးတွေနဲ့ ရေးသားပြီး မိမိတို့ရဲ့ လိုလားတဲ့ဆန္ဒတွေကို ထုတ်ဖော်ဖို့ကိုလည်း တက်ကြွလှုပ်ရှားသူတွေက ပြည်သူတွေကို နိုးဆော်လိုက်ပါတယ်။

ဒီကနေ့မှာပဲ ၈၈ မျိုးဆက်ကျောင်းသားတွေက ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဖို့အတွက် စစ်အစိုးရကို ထပ်မံကမ်းလှမ်းခဲ့ပါတယ်။ အခုလို စစ်အစိုးရအနေနဲ့ ဖမ်းဆီးမှုတွေ၊ နှိပ်စက်မှုတွေ၊ သတ်ဖြတ်မှုတွေလုပ်နေတဲ့အချိန်မှာ စစ်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်လိုတဲ့ဆန္ဒရှိပါ့မလားလို့ မေးတဲ့အခါမှာတော့ ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်း က အခုလို ပြောပါတယ်။

"ကျနော်တို့ပြည်သူတွေရဲ့ လှုပ်ရှားမှု၊ ကျနော်တို့ရဲ့ပေးဆပ်မှုတွေ၊ ရဟန်းသံဃာတော်များရဲ့စွန့်လွှတ်အနစ်နာခံမှု၊ အသက်ပေးဆပ်မှုတွေဟာ အချည်းအနှီးမဖြစ်ဘူးလို့ ကျနော်တို့ ယုံကြည်တယ်။ တချိန်ချိန်မှာ ဒီလမ်းကြောင်းကို သူတို့အနေနဲ့ မဖြစ်မနေတက်ရမယ်လို့ ကျနော်တို့အနေနဲ့ ယုံကြည်တယ်။ အခုဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ အကြောင်းမရှိဘူးလို့ဆိုပြီးတော့ အရင်တုန်းက ပြောဆိုခဲ့ပေမယ့် အခု ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့အတွက်ကို သူက ဆက်သွယ်ရေး တာဝန်ခံဆိုပြီးတော့ ပုဂ္ဂိုလ်တယောက်ကို ခန့်ခဲ့ရပြီဖြစ်တယ်။ ဒါဟာဆိုရင် သူဟာ နိုင်ငံတကာရဲ့ဆန္ဒ၊ မြန်မာပြည်သူများရဲ့ဆန္ဒကို လွဲရှောင်လို့မရဘူး၊ သူ့အတွက်အကောင်းဆုံးအဖြေဟာ ဒီအဖြေပဲရှိတယ်၊ ကျနော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကောင်းဆုံးထွက်ပေါက်ဟာ ဒါပဲရှိတယ်ဆိုတာ သူကိုယ်တိုင်လက်ခံခဲ့ရတာဖြစ်တယ်။"

မနေ့ညကတော့ ကျောင်းသားတွေရှိမယ်လို့ယူဆတဲ့ နေရာအနှံ့ အပြားကို ဝင်ရောက်ဖမ်းဆီးမှုတွေလုပ်ခဲ့တာကြောင့် ကျောင်းသားတွေ တော်တော်များများလည်း အဖမ်းဆီးခံခဲ့ရပါတယ်။ တချို့လည်း ထွက်ပြေးတိမ်းရှောင်ရသူတွေလည်း ရှိပါတယ်။ ဒီလို ကျောင်းသားတွေကိုဖမ်းတဲ့အတွက် လှုပ်ရှားမှုကြီးကတော့ ရပ်တန့်သွားမှာမဟုတ်တဲ့အကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်ကလည်း ဆက်ပြောသွားပါတယ်။

"ကျနော်ပြောချင်တာက ကနေ့ ကျောင်းသားလူငယ်တွေကို ဖမ်းဆီးနှိပ်ကွပ်ပစ်လိုက်ရုံနဲ့ကျောင်းသားလူငယ်တွေရဲ့ ပြည်သူလူထုတရပ်လုံးအတွက် ရှေ့တန်းကနေ မားမားရပ်ပြီးတော့ ကိုယ်ကျိုးစွန့်၊ အနစ်နာခံနေတဲ့ စွန့်လွှတ်၊ စွန့်စားမှုတွေ၊ ဒီမိုကရေစီအရေးဖော်ဆောင်မှုတွေဟာ ဘယ်တော့မှ ရပ်တန့်သွားမှာမဟုတ်ဘူးဆိုတာကို နအဖ စစ်ဗိုလ်ချုပ်ကြီးတွေ ၁၉ နှစ်ကျော် ကာလတလျှောက်လုံး ကောင်းကောင်း သဘောပေါက်သင့်နေပါပြီ။" ■




# (၈၈) မျိုးဆက်ကျောင်းသားများ ကြေညာချက်ထုတ်ပြန်ထား

***ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇***

တွေ့ဆုံဆွေးနွေးရေး အမှန်တကယ်လိုလားတယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့နဲ့ သံဃာတော်တွေအပေါ် ဖိနှိပ်ဖမ်းဆီးမှုတွေ ရပ်ဆိုင်းပေးဖို့ (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့က ဒီကနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ပါတယ်။ အခု ဒီကြေညာချက်မူရင်းကို (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစိုးထွန်းက ဖတ်ကြားပေးထားပါတယ်။

**"တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်၍ (၈၈) မျိုးဆက်ကျောင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်။"**

ရက်စွဲ (၁၁ ၊ ၁၀ ၊ ၂၀၀၇)။

(၁) ယနေ့ မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော ပြဿနာအားလုံး၏ တခုတည်းသောထွက်ပေါက်မှာ တွေ့ဆုံဆွေးနွေးရေးပင် ဖြစ်သည်။ ဤသည်မှာ နိုင်ငံရေးအင်အားစုများ တိုင်းရင်းသားလူမျိုးစုများနဲ့ ပြည်သူလူထု တရပ်လုံးသာမက နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံးကပါ လိုလားတောင်းတနေသည့် ငြိမ်းချမ်းစွာ နိုင်ငံရေးဖြေရှင်းသည့် ပုံသဏ္ဍာန်ပင် ဖြစ်သည်။ (၂) တွေ့ဆုံဆွေးနွေးရေးဟု ဆိုရာတွင် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုကသာလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည် ဖြစ်သည်။ စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲ ဖြစ်လာဖို့အတွက် ကြိုတင်တောင်းဆိုမှုများ မထားရှိဘဲ တန်းတူညီတူနဲ့ လွပ်လပ်ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းပိုင်ခွင့်များ မဖြစ်မနေ ရှိရပေမည်။ (၃) ဤသို့မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းရမည့် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက် ချုပ်နှောင်ထားခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြကြသည့် သံဃာတော်များ ကျောင်းသားပြည်သူများ ဒီမိုကရေစီအင်အားစုများအား ဆက်လက်ဖမ်းဆီးနေခြင်းများနဲ့ တဖက်သတ်ကြိုတင် တောင်းဆိုကန့်သတ်ချက်များထားရှိခြင်းတို့သည် စစ်မှန်သောဆွေးနွေးပွဲကို အမှန်တကယ်အကောင်အထည်ပေါ်လာစေရေးအတွက် အဟန့်အတားဖြစ်စေသကဲ့သို့ ဖြစ်စေသည့်အပြင် နိုင်ငံတကာနဲ့ မြန်မာပြည်သူများအား လှည့်စားရန် (သို့မဟုတ်) အချိန်ဆွဲ ထွက်ပေါက်ရှာရန်အတွက် ကစားကွက် တခုပမာ ဖြစ်နေပေသည်။ (၄) ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေး လက်တွေ့ ဖြစ်ပေါ်လာစေရန်အတွက် ကနဦး အဆင့်အနေဖြင့် (က) ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ လွှတ်ပေးရန်၊ (ခ) သံဃာတော်များနဲ့ ကျောင်းသားပြည်သူတို့ကို ညှဉ်းပန်းနှိပ်စက်နေခြင်းများ မပြုလုပ်ရန်၊ (ဂ) ကြိုတင် သတ်မှတ်ခြင်းများမထားရှိဘဲ အပြုသဘောဆောင်သော နိုင်ငံရေးဝန်းကျင် ဇောင်းတခုကို နအဖ အစိုးရအနေဖြင့် ဖန်တီးပေးရန် ကျွန်ုပ်တို့မှ အလေးအနက် တိုက်တွန်းအပ်ပါသည်။"

တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်လို့ ဒီကနေ့ ကြေညာချက်ထုတ်ပြန်တာနဲ့ ပတ်သက်လို့ အသေးစိတ်သိနိုင်ဖို့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုအောင်နိုင်ကို မေးကြည့်ရာမှာ အခုလို ပြောပြခဲ့ပါတယ်။

"စစ်တပ်က အာဏာသိမ်းခဲ့တာ ဆိုလို့ရှိရင် (၁၉) နှစ်ကျော် ကာလမှာ ဒါဟာ တရားဝင် စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ကမ်းလှမ်းချက်ပါပဲ။ ဒီလို ကမ်းလှမ်းချက်ဟာလဲ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ သွေးမြေကျမှု ပေးစပ်မှုတွေနဲ့ စည်းလုံးမှုအင်အားတွေကြောင့်ရတဲ့ ရလဒ်တခုပါပဲ။ တိုင်းပြည်မှာ အမှန်တကယ် စစ်မှန်တဲ့တွေ့ဆုံတဲ့ ဆွေးနွေးမှုမျိုးကိုပဲ လိုအပ်ပါတယ်။ ကမ္ဘာနဲ့ပြည်သူကို လှည့်စားဖို့ပြုလုပ်တဲ့ ကစားကွက်မျိုးကို ကျနော်တို့တွေက မလိုအပ်ပါဘူး။ ကျနော်တို့ ပြည်သူတွေနဲ့ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးအပါအဝင်အားလုံးက အလိုရှိနေတာဟာ ကြိုတင်သတ်မှတ်ချက်တွေမရှိတဲ့ နွေးထွေးတဲ့ဆွေးနွေးမှုမျိုးကိုပဲ ကျနော်တို့က အလိုရှိတာ ဖြစ်ပါတယ်။ နအဖဟာ ဒီလိုမလုပ်ဘဲနဲ့ တောင်းဆိုချက်လေးချက်ကို အရင်ဆွဲကိုင်

ပြီးတော့ ဒါ အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပုံချဖို့အတွက် ဒီလို လှည့်ကွက်တခုကို လုပ်တယ်လို့ ကျနော်တို့ မြင်ပါတယ်။ သူတို့တောင်းဆိုခဲ့တဲ့ ဒီလေးချက်ကို ဘယ်သူတွေကျူးလွန်ခဲ့သလဲဆိုတာကို နအဖ စစ်ဗိုလ်ချုပ်ကြီးတွေကို ကျနော် ဒီနေရာကနေ မေးချင်ပါတယ်။ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရမဲ့အစား ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်ပြီးတော့ ပစ်ခတ်ခဲ့တာဟာ ဘယ်သူတွေလဲ။ ညဘက်အချိန်တွေကို ဘုန်းကြီးကျောင်းတွေကို အတင်းဝင်ရောက် ဖမ်းဆီးပြီးတော့ လူနေအိမ်တွေကို အတင်းဝင်ရောက် အကြမ်းဖက်ဖမ်းဆီးခဲ့တာဟာ ဘယ်သူတွေလဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာတောင်းဆိုမှုကို ဒီပဲယင်း လုပ်ကြံမှုနဲ့ အဖြေပြန်လည်ပေးခဲ့တာ ဘယ်သူတွေလဲ။ (၉၀) ရလဒ် ရွေးကောက်ပွဲကို အသိအမှတ်မပြုခဲ့တာ ဘယ်သူတွေလဲ။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့သူတွေကို မတရား ဖမ်းဆီးညှင်းပမ်းနှိပ်စက်ထောင်ချ။ စစ်ကြောရေးစခန်းတွေမှာ ထားတာတွေက ဘယ်သူတွေလဲ။ အဲဒါ ဒါတွေအတွက်ကို ကျနော်တို့ ပြည်သူတွေဆီမှာ အဖြေရှိပြီးသားပါ။ ကမ္ဘာသူ ကမ္ဘာသားအပေါင်းကလဲ ဒါတွေ ဘယ်သူလုပ်တယ်ဆိုတာ သိပြီးသားပါ။ ဒါကြောင့်မို့လို့ နအဖစစ်ဗိုလ်ချုပ်ကြီးတွေအနေနဲ့ အမှန်တကယ်ကို တွေ့ဆုံဆွေးနွေးချင်တယ်ဆိုလို့ရှိရင် အမှန်တကယ်ကို တိုင်းပြည်အပေါ်မှာ ကောင်းစားစေချင်တယ်ဆိုလို့ရှိရင် ကျနော်တို့ ဒီနေ့ တောင်းဆိုတဲ့ တောင်းဆိုချက်တွေကို အမြန်ဆုံးအကောင်အထည်ဖော်ပြီးရရှိလာတဲ့ အဖြေကိုလဲ ပြည်သူကို အမှန်အတိုင်းချပြဖို့ ကျနော်တို့ ဒီနေရာကနေပြီးတော့ တိုက်တွန်းလိုက်ချင်ပါတယ်။” ■

## စက်မှုဇုံများ အလုပ်သမားသမဂ္ဂ (ယာယီ)ကို ယနေ့စတင်ဖွဲ့စည်း

*ရိုးမ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာနိုင်ငံတဝှမ်းလုံးရှိ စက်မှုဇုံအလုပ်သမားများကို ကိုယ်စားပြုသည့် စက်မှုဇုံအလုပ်သမားသမဂ္ဂ(ယာယီ)ကို ယနေ့ဖွဲ့စည်းလိုက်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။အလုပ်သမားအခွင့်အရေးနှင့် တိုင်းပြည်အခွင့်အရေးတို့အတွက်ဆောင်ရွက်ရန် အဆိုပါသမဂ္ဂကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေးသမိုင်း၊ ရှစ်လေးလုံးအရေးတော်ပုံနှင့် မကြာမီကမှ ဖြစ်ပွားခဲ့သည့် သံဃာနှင့်ပြည်သူများအရေးတော်ပုံတွင် အလုပ်သမားများပါဝင်တိုက်ပွဲဝင်ခဲ့သည်မှာ အထင်အရှား ဖြစ်သည်ဟုဆိုကာ ယနေ့နေ့စွဲဖြင့် ကြေညာချက် အမှတ် (၁/၂၀၀၇)ကိုထုတ်ပြန်ခဲ့ပါတယ်။

“တနိုင်ငံလုံးမှာရှိတဲ့ စက်မှုဇုံတွေကို ကိုယ်စားပြုဖွဲ့စည်းတာပါ၊ အလုပ်သမားတွေက ကိုယ့်အခွင့်အရေးကို အပြည့်အဝရအောင်တောင်းမယ်၊ နောက်ပြီး တိုင်းပြည်အရေးကိုပါဝင်လုပ်ကိုင်ဖို့လည်း နိူးဆော်ပါတယ်၊ မကြာခင်ကဖြစ်ပွားခဲ့တဲ့အရေးတော်ပုံမှာလည်း ကျနော်တို့ အလုပ်သမားတွေ အများကြီး ပါဝင်ပါတယ်”ဟုစက်မှုဇုံအလုပ်သမားသမဂ္ဂ(ယာယီ)မှ အမည်မဖော်လိုသူ ခေါင်းဆောင်တဦးက ဆိုပါတယ်။

သံဃာတော်များဦးဆောင်၍ အများပြည်သူအတို့အတွက် တောင်းဆိုမှုကိုထောက်ခံလိုက်ပြီး သံဃာတော်များနှင့် ပြည်သူအား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်းကို သမဂ္ဂမှ ရှုံ့ချလိုက်ပြီး စစ်အစိုးရအား တောင်းဆိုချက်(၄)ရပ်တောင်းဆိုခဲ့ပါတယ်။

အလုပ်သမားများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ခလစာများတိုးမြှင့်ရရှိအောင် ဆောင်ရွက်ပေးရန်၊ သံဃာတော်များနှင့် ကျောင်းသားပြည်သူတို့သေဆုံးခဲ့သည့် စာရင်းအမှန်ကို ထုတ်ပြန်ပေးရန်နှင့်သတ်ဖြတ်ရန် အမိန့်ပေးခဲ့သူများအား တရားဥပဒေနှင့် အညီအရေးယူပေးရန်တို့ကို တောင်းဆိုခဲ့ပါတယ်။

ဖမ်းဆီးထားသည့် ရဟန်းရှင်လူပြည်သူများအား ချက်ခြင်းလွှတ်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေး၍ စစ်မှန်သော လက်တွေ့ကျသည့် တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်ရန် စစ်အစိုးရကို တောင်းဆိုထားပါတယ်။

နောက်ဆုံးတွင် အဆိုပါသမဂ္ဂမှ မြန်မာနိုင်ငံတွင် အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာလျှင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဖော်ပြခဲ့သည်။ ■

## ပုလိပ်မြို့ စစ်ကြောရေးတွင်သေဆုံးခဲ့သည့် ကိုဝင်းရွှေအမှုကို အသေးစိတ် စုံစမ်းဖေါ်ထုတ်ပေးရန် အဖွဲ့ချုပ်တောင်းဆိုထား

*ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇*

ဆန္ဒပြပွဲကာလအတွင်း ဖမ်းဆီးခံခဲ့ရပြီး မန္တလေးတိုင်း ပုလိပ်မြို့ စစ်ကြောရေးစခန်းအတွင်း သေဆုံးသွားတဲ့သူတို့ရဲ့ ပါတီဝင် ကိုဝင်းရွှေအမှုကို အသေးစိတ် စုံစမ်းဖော်ထုတ်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ တောင်းဆိုလိုက်ပါတယ်။ အသက် (၄၂) နှစ်အရွယ် ကျောက်ပန်းတောင်းမြို့မှ အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုဝင်းရွှေဟာ ပြီးခဲ့တဲ့ စက်တင်ဘာလ (၂၇) ရက်နေ့က ဖမ်းဆီးခံခဲ့ရပြီး အရင်နေ့က စစ်ကြောရေးစခန်းအတွင်း သေဆုံးသွားတာဖြစ်ပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေက သာမန်သေဆုံးမှုအဖြစ်သာ သူ့ရဲ့မိသားစုကို အကြောင်းကြားပြီး အလောင်းကိုတောင် ပြန်မပေးဘူးလို့ သိရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင်လဲဖြစ်၊ ရှေ့နေတဦးလဲဖြစ်တဲ့ ဦးဉာဏ်ဝင်းက အခုလိုပြောပြခဲ့ပါတယ်။

“ကျနော် ပထမ ပြောချင်တာကတော့ ဒီသတင်းက မှန်တယ်လို့ ကျနော်တို့ ကျောက်ပန်းတောင်း၊ မန္တလေးတိုင်းနဲ့ ဆက်သွယ်တဲ့အခါမှာ သိရပါတယ်။ အဲတော့ ဒုတိယ ပြောချင်တာက မိသားစု ကျန်ခဲ့တဲ့ အစ်မက အလောင်းလဲ မမြင်ရဘူး။ မီးသဂြိုဟ်ခွင့်လဲ မရဘူး။ အဲဒီတော့ ဒါဟာ မရိုးမသားများဖြစ်နေသလားလို့ စိုးရိမ်စရာအခြေအနေပေါ့။ အဲတော့ အမှန်တကယ်အားဖြင့် သဘာဝအတိုင်းကွယ်လွန်ခဲ့တယ်ဆိုရင် မိသားစုကို အလောင်းပေးဖို့ကောင်းပါတယ်။ လူတယောက်ယောက်က ရဲအချုပ်ပဲဖြစ်ဖြစ်၊ စစ်တပ်အချုပ်ပဲဖြစ်ဖြစ်၊ ဘယ်အချုပ်မှာမဆို ကွယ်လွန်ခဲ့ရင် အဲဒီကွယ်လွန်ခဲ့တာဟာ သဘာဝကြောင့်လား တစုံတခုကြောင့်လားဆိုတာကို ကျနော်တို့ သေမှုသေခင်းဆိုတာ ဖွင့်ရတယ်။ အဲဒီသေမှုသေခင်းဆိုတာ တရားရုံးက ကိုင်ရတယ်။ တရားရုံးက ဆုံးဖြတ်ရတယ်။ အခုကိစ္စတွေမှာ အဲသလို ဆောင်ရွက်ထားခြင်းရှိမရှိကိုတောင် မသိနိုင်တဲ့အခြေအနေတွေဖြစ်နေတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေနဲ့ မညီညွတ်တဲ့လုပ်ရပ်တွေက အများကြီး တွေ့နေရတယ်။ အခုလို အထဲမှာ ကွယ်လွန်တာတွေနဲ့ ပတ်သက်ပြီးတော့ တရားဥပဒေနဲ့ညီညွတ်သောဆောင်ရွက်မှုကို မရှိဘူး။ အဲဒီလို ဆောင်ရွက်မှုမရှိတာ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုတဲ့အဓိပ္ပါယ် ရောက်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိရင် ပြည်သူလူထုရဲ့လုံခြုံရေးကလဲ လုံးဝအာမခံချက်မရှိတဲ့သဘော ကျနော်တို့ အဲသလို ပြောချင်ပါတယ်။”

ကျောက်ပန်းတောင်းမြို့က ကိုဝင်းရွှေသေဆုံးမှုနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းရဲ့ ဝေဖန်ချက်ဖြစ်ပါတယ်။ ဒီနေ့ အင်းစိန်ဂျိတ်အိုင် စစ်ကြောရေးစခန်းမှ ဦးသန်းအောင် သေဆုံးမှုသတင်း

ကိုတော့ သူတို့အနေနဲ့ စုံစမ်းနေဆဲဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ ဒါ့အပြင် ဖမ်းဆီးမှုတွေ ဆက်တိုက်ဖြစ်ပွားနေပြီး ရှေ့ကသတင်းတွေထဲမှာပါတဲ့ ဉပဒေ နောက်ဆုံးနှစ်ကျောင်းသူ မအေးမိမြတ်ဟာ သူတို့ ပါတီဝင်တဦးရဲ့ သမီးဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ မနေ့ကအထိ သူတို့ပါတီဝင် (၂၃၅) ဦး ဖမ်းဆီးခံနေရပြီး ရခိုင်ပြည်နယ်ဖက်မှာလဲ နောက်ထပ်ဖမ်းဆီးမှုသတင်းတွေ ဆက်တိုက်ကြားနေရပြီး အသေးစိပ်ကို စုံစမ်းနေဆဲဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။ အသစ်ခန့်ထားတဲ့ ဆက်ဆံရေးဝန်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အကြားဆွေးနွေးပွဲအခြေအနေကို ထပ်မေးတဲ့အခါမှာတော့ အခုချိန်ထိ ဘာမှ ထူးခြားချက်မတွေ့ရသေးဘဲ ဖမ်းဆီး၊ သေဆုံးမှုစာရင်းတွေကိုသာ ကြားနေရတယ်လို့ ဦးဉာဏ်ဝင်းက ဖြေကြားသွားခဲ့ပါတယ်။ ■

## သေနတ်ဒဏ်ရာနှင့် NLD လူငယ်တဦး ဆေးကုသခွင့်မရ

*ရိုးမ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့ ဆန္ဒပြပွဲတွင်ပါဝင်သူများအား ဖမ်းဆီးထားသည့် အင်းစိန်ဂိုတီအိုင်ဝင်းအတွင်းတွင် NLD ပါတီမှ လူငယ်တဦး သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးထားပြီး ဆေးကုသမှုမပေးပဲချုပ်နှောင်ထားပါတယ်။

သဃ်န်းကျွန်းမြို့နယ် ဆန္ဒပြမှုတွင် စစ်တပ်ကပစ်ခတ်နှိမ်နင်းခဲ့ရာ သဃ်န်းကျွန်းမြို့နယ် NLD လူငယ်တာဝန်ခံကိုမြသန်းထိုက်သည် ပေါင်တွင် သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါတယ်။

"ကိုကျော်ဟန်ထွန်းဆိုတာ ထွန်းစက်မှုလက်မှု သီရိမွန်ပလာဇာက သူ့ကိုတွေ့ခဲ့တယ်၊ NLD လူငယ်က ကိုမြသန်းထိုက်ဆိုတာက ပေါင်မှာ သေနတ်မှန်ထားတာ၊ ဆေးလည်းမကုသေးဘူး"ဟု အင်းစိန်ဂိုတီအိုင်မှ ပြန်လည်လွှတ်မြောက်လာသူတဦးကဆိုပါတယ်။

မဂ္ဂင်ကျောင်းတိုက်ဆရာတော်အား စစ်အစိုးရက ဖမ်းဆီးထောင်ချမည့်ဟုသည့် သတင်းများထွက်ပေါ်နေပြီးနောက် ယခုလ(၄)ရက်နေ့ကလည်း မဂ္ဂင်ကျောင်းတိုက်ရှိရာဝင်းအတွင်းမှ သံဃာတော်အချို့ကို စစ်အစိုးရက ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။

"မဂ္ဂင်ကျောင်းနဲ့ မျက်နှာချင်းဆိုင်က ကျောက်စာတော်ကျောင်းတိုက်က သံဃာ(၆)ပါးဖမ်းတယ်။ နှစ်ပါးပြန်လွှတ်တယ်၊ လေးပါးကိုတော့ ဆက်ဖမ်းထားတယ်၊ နောက် ဓမ္မဝေပုလ္လကျောင်းတိုက်က သံဃာ(၄)ပါးနဲ့ အမျိုးသမီးတယောက် ဖမ်းသွားတယ်၊ တယ်လီဖုန်းကို ဖြုတ်သိမ်းသွားတယ်။ ငွေသိန်း(၃၀)ကိုပါယူသွားတယ်"ဟု ဒေသခံတဦးကဆိုပါတယ်။

ရွှေကျင်ကျောင်းတိုက်သစ်မှ သံဃာတပါးကို ထိုရက်တွင် ထပ်မံဖမ်းဆီးသွားပြီး ရွှေလက်စွပ်တကွင်းကိုပါ သိမ်းယူသွားကြောင်း ၎င်းက ဆက်လက်ပြောဆိုပါတယ်။

မဂ္ဂင်ကျောင်းတိုက်မှ သံဃာနှစ်ပါးနှင့် လူနှစ်ဦးအား စစ်အစိုးရက ယခုလ(၇)ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ပြီးနောက် ဦးဣန္ဒကနှင့် ဦးအိန္ဒြိယတို့ကို ထိုနေ့တွင်ပင် ရေကြည်အိုင်စစ်ကြောရေးသို့ ခေါ်သွားသည်ဟု သိရပါတယ်။ ■

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***

***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

## ဖမ်းဆီးနှိပ်စက်မှုများကို စစ်အစိုးရဆက်လက်ပြုလုပ်နေ

*ရေဝတီ ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇*

သံဃာထုလှုပ်ရှားမှုများကို ထောက်ခံခဲ့သူများနှင့် အမေရိကန်စင်တာတွင် ပညာသင်ကြားသည့် ကျောင်းသူကျောင်းသားများအား စစ်အစိုးရက ဖမ်းဆီးနှိပ်စက်မှုများကို နေ့စဉ်နေ့တိုင်း ဆက်လက်ပြုလုပ်နေကြောင်း အဖမ်းခံရသူများနှင့် နီးစပ်သူများက ရေဝတီကို ပြောဆိုသည်။

ယနေ့ထုတ် စစ်အစိုးရ သတင်းစားကလည်း ၎င်းတို့၏လမ်းပြမြေပုံ ၇ ချက်ကို ဖျက်လိုဖျက်ဆီးလုပ်နေသူများအား အမျိုးသားရေးသတိဖြင့် တွန်းလှန်ကြရန်နှင့် ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူအများအား လက်တွဲညီညီတွန်းလှန်ကြရန် တိုက်တွန်းရေးသားထားသည်။ နောက်ဆုံးကြားသိရသော သတင်းများအရ စက်တင်ဘာလအတွင်းက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ကိုမင်းကိုနိုင်၊ ကိုဂျင်မီ၊ ကိုမြအေးနှင့် ကိုမာကီတို့ (၄)ဦး ရိုက်နှက်စစ်ဆေးထားသည့် ဒဏ်များကြောင့် အင်းစိန်ထောင်ဆေးရုံသို့ ရောက်ရှိလာကြောင်း ထောင်အာဏာပိုင်တချို့နှင့် နီးစပ်သူတဦးက ပြောသည်။

ရပ်ရှင်သရုပ်ဆောင် ကိုကျော်သူနှင့် ဇနီးမရွှေဇီးကွက်တို့ အောက်တိုဘာလ ၉ ရက်နေ့ညက နေအိမ်တွင်အဖမ်းခံရသည်ဟု နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူတဦးက ရေဝတီကို ပြောသည်။ ကိုကျော်သူသည် နာရေးကူညီမှုအသင်း၏ ဒုဥက္ကဋ္ဌ (၁)ဖြစ်ပြီး မရွှေဇီးကွက်မှာ ဘဏ္ဍာရေးမှူးဖြစ်သည်။




"ကိုကျော်သူနဲ့ မရွှေဇီးကွက်တို့မရှိတော့ အသင်းမှာ အားလျော့သွားတာပေါ့။ ဘာတွေဆက်ဖြစ်မယ်ဆိုတာ ကိုတော့ သုံးသပ်လို့ မရသေးပါဘူး။ ကျနော်တို့ အလုပ်က ရပ်လို့မရတဲ့အလုပ်ဆိုတော့ ကျန်တဲ့လူနဲ့ ဆက်လုပ်နေရတာပေါ့"ဟု နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူက ပြောသည်။

နာရေးကူညီမှုအသင်း၏ ဒုဥက္ကဋ္ဌ(၂)ဖြစ်သူ စာရေးဆရာမသန်းမြင့်အောင်ကိုလည်း အာဏာပိုင်တို့က လိုက်လံဖမ်းဆီးနေသောကြောင့် ရှောင်တိမ်းနေရကြောင်း သိရသည်။

ကိုကျော်သူ၊ မရွှေဇီးကွက်၊ ဒေါ်သန်းမြင့်အောင်၊ လူရွှင်တော် ဇာဂနာ၊ ကဗျာဆရာ အောင်ဝေး၊ အမျိုးသားရေးဦးဝင်းနိုင်တို့သည် စက်တင်ဘာလ ၂၄၊ ၂၅ရက်နေ့များတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ကြေးသွန်းဘုရား၌ ဆန္ဒပြသံဃာတော်များကို ဆွမ်းကပ်လှူခဲ့ကြပြီး ကိုဇာဂနာနှင့် အမျိုးသားရေး ဦးဝင်းနိုင်တို့သည် စက်တင်ဘာလ (၂၅) ရက်နေ့က နေအိမ်များတွင် အဖမ်းခံကြရသည်။

ယမန်နေ့ညကလည်း အမေရိကန်စင်တာတွင် ပညာသင်နေကြသည့် ကိုရဲမြတ်ဟိန်းနှင့်မအေးအေးမြင့်တို့ကို နေအိမ်များတွင် လာရောက်ဖမ်းဆီးသွားသည်ဟု ၎င်းတို့နှင့် နီးစပ်သူများက ပြောသည်။ အမေရိကန်စင်တာတွင် ပညာသင်နေကြသည့် အခြားကျောင်းသူ ကျောင်းသားအချို့ကို အာဏာပိုင်တို့က လိုက်လံဖမ်းဆီးခဲ့သော်လည်း နေအိမ်များမတွေ့သဖြင့် အဖမ်းအခံရပေ။



ကိုရဲမြတ်ဟိန်းသည် အနောက်ပိုင်းတက္ကသိုလ်တွင် ပညာသင်ကြားနေပြီး အသက် ၁၉ နှစ်သာရှိသေးသည်။ မအေးအေးမြင့်၏

အသက်မှာ ၂၀ ဖြစ်ပြီး၊ အရှေ့ပိုင်းတက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို သင်ကြားနေသူဖြစ်သည်။

ဗကသများအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ကိုလင်းထက်နိုင်က "စစ်အစိုးရအနေနဲ့ ကျောင်းသားတွေကို ဖမ်းဆီးရုံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းသားတွေနဲ့ ပြည်သူတွေရဲ့ အမျိုးသားရေးစိတ်ဓါတ်တွေ ပျောက်ပြယ်သွားမယ်လို့ထင်ရင် အဲဒါများနေတယ်လို့ ပြောရပါလိမ့်မယ်။ နည်းမျိုးစုံနဲ့ ဘယ်လိုနှိပ်ကွပ်ဖြိုခွဲပါစေ ကျနော်တို့မျိုးဆက်တခုလုံးကို သုတ်သင်သတ်ဖြတ်ရင်တောင်မှ နောက်ကျန်တဲ့ မျိုးဆက်တွေဟာ ဆက်လက်ရှင်သန်နေဦးမှာပါ"ဟု ရေဝတီကိုပြောသည်။

အောက်တိုဘာ ၈ ရက်နေ့က နိုင်ငံရေးအကျဉ်းသားဟောင်း တဦးဖြစ်သည့် ကိုချစ်ကိုလင်းအား အာဏာပိုင်တို့က ဖမ်းဆီးလိုက်သည်ဟု ဇနီးဖြစ်သူ မသက်သက်အောင်က ရေဝတီကို ပြောသည်။ အောက်တိုဘာ ၉ ရက်နေ့ နေလယ် ၂ နာရီမှ ညနေ ၅ နာရီထိ ၎င်းတို့၏ နေအိမ်များကို ဝင်ရောက်ရှာဖွေပြီး ၁၀ ရက်နေ့ နံနက်ပိုင်းတွင် မသက်သက်အောင်၏ မိခင်နှင့် ယောက္ခမတို့အား ထပ်မံဖမ်းဆီးကြောင်း သိရသည်။

အမေနှင့် ယောက္ခမကိုဖမ်းဆီးခြင်းမှာ မသက်သက်အောင်အား မမိသောကြောင့် ဓားစာခံအဖြစ်ဖမ်းဆီးထားခြင်းဖြစ်ပြီး သူမ၏ ၈ နှစ်၊ ၆ နှစ်နှင့် တနှစ်ခွဲအရွယ်သား ၃ ယောက်အတွက် အထူးစိုးရိမ်နေကြောင်း သိရသည်။ မသက်သက်အောင်နှင့် ကိုချစ်ကိုလင်းတို့သည် သံဃာထုဆန္ဒပြပွဲများတွင် သံဃာတော်များအားဘေးမှ လက်ချင်းချိတ်ကာ တက်တက်ကြွကြွ ဆန္ဒပြခဲ့သူများ ဖြစ်သည်။ ■

## သမီးကိုယ်စား အမယ်အိုတွေကို အာဏာပိုင်တွေက ဓားစာခံအဖြစ် ဖမ်းဆီးထား

*ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇*

သံဃာတော်တွေရဲ့ ချီတက်ကြွချီဆန္ဒပြပွဲမှာ အားပေးကူညီခဲ့သူ စမ်းချောင်းမြို့နယ်က ဒေါ်သက်သက်အောင်ကို အာဏာပိုင်တွေက ဖမ်းဆီးရမိခြင်းမရှိတဲ့အတွက် ဒေါ်သက်သက်အောင်ရဲ့ မိခင်နဲ့ ယောက္ခမကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ သံဃာတွေနဲ့အတူ စီတန်းလမ်းလျှောက်ရာမှာပါဝင်ခဲ့တဲ့အတွက် ဒေါ်သက်သက်အောင်နဲ့ ခင်ပွန်းဖြစ်သူ ဦးချစ်ကိုလင်းတို့နှစ်ဦးကို အခုလ (၈) ရက်နေ့က ဖမ်းဆီးခဲ့ပါတယ်။ အဲသလို ဖမ်းဆီးခဲ့ပေမဲ့ ဒေါ်သက်သက်အောင်က လွတ်မြောက်သွားပြီး ရှောင်တိမ်းနေတဲ့အတွက် မိခင်ဖြစ်သူ အသက် (၅၄) နှစ်အရွယ် ဒေါ်စုစုကြည်နဲ့ ယောက္ခမဖြစ်သူ အသက် (၇၀) အရွယ် ဒေါ်မေသန်းရီတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးသွားတာဖြစ်ပါတယ်။ သူ ကိုယ်တိုင်လဲ ရှောင်တိမ်းနေရတဲ့အတွက် တနှစ်သုံးလသားကလေးငယ်အပါအဝင် သားသမီးသုံးယောက်ဟာ ပြုစုမဲ့သူမရှိဖြစ်နေတာကြောင့် စိုးရိမ်ပူပန်တယ်လို့ ဒေါ်သက်သက်အောင်က ပြောပြပါတယ်။

"ကျမ သက်သက်အောင်ပါ ကျမအမျိုးသားပါတဲ့နေ့က စပြောမယ်နော်။ (၈) ရက်နေ့ တနင်္လာနေ့မှာ ကျမအမျိုးသားနဲ့ ကျမနဲ့က ဆံပင်သွားညှပ်တယ်ပေါ့နော်။ အိမ်နီးနား ဆိုင်မှာပဲပေါ့နော်။ ညှပ်တဲ့အခါကျတော့ ညှပ်နေတဲ့အခါမှာပဲ သူတို့ စရဖ အဖွဲ့ရယ်။ ရပ်ကွက်လူကြီးရယ် တက်လာတယ်။ ရပ်ကွက်ကပါတယ်။ ကျမတို့ကို ပြတယ်။ ဒီနှစ်ယောက်လားဆိုပြီးတော့ ကျမတို့ကို မေးတယ်ရှင့် မေးတဲ့အခါကျတော့ ရပ်ကွက်က ခေါင်းညိတ်တယ်။ အဲဒီတယောက်က ခေါင်းညိတ်တဲ့အခါကျတော့ ကျန်တဲ့လူ ရပ်ကွက်က လူတွေက ပြန်ဆင်းသွားတယ်။ အဲဒီ စရဖဆိုတဲ့ တယောက်ကျန်ခဲ့တယ်။ ကျန်ခဲ့ပြီး ကျမတို့ရဲ့ မှတ်ပုံတင်၊ နေရပ်လိပ်စာတွေကိုယူတယ်။ နှစ်ယောက်စလုံးရဲ့ ယူပြီးတဲ့အခါကျတော့သူက ဆံပင်ညှပ်ဆိုင်ရဲ့ တံခါးကို လော့လုပ်လိုက်ပြီးတော့ အပေါက်မှာ ထိုင်နေလိုက်တယ်။ ထိုင်တော့ ဘာဖြစ်တာလဲပေါ့။ ကျမတို့ ဘာလုပ်လို့လဲ ကျမတို့ ဘာလဲ ကျမတို့ ဝရမ်းပြေးမဟုတ်ဘူးပေါ့နော်။ ကျမတို့ ဘာပြစ်မှုကျူးလွန်လို့ ဒီလိုလုပ်တာလဲပေါ့နော်။ တာဝန်အရပါတဲ့ မေးမြန်းစရာလေးရှိလို့ပါလို့ ပြောတယ်ရှင့်။ ကျမတို့ ဘာပြစ်မှုမှလဲ ကျူးလွန်မထားတဲ့အခါကျတော့ ကျမတို့ သိက္ခာလဲကျတယ်ပေါ့နော်။ တကယ်လို့ မေးမြန်းစရာရှိရင်လဲကျမတို့ အိမ်နီးနီးလေးဆိုပြီးတော့ ပြောတယ်။ ပြောတဲ့အခါကျတော့ မရဘူး အဲဒီတယောက်က မဟုတ်ဘူးတဲ့ တာဝန်ရှိတယ်တဲ့ မဟုတ်ဘူး မင်းမှာတာဝန်ရှိသလို ငါတို့မှာလဲတာဝန်ဝတ္တရားတွေ ရှိတယ်ပေါ့နော်။ ကျမရဲ့ ကလေးတွေ ကျောင်းသွားကြိုရအုံးမယ်ဆိုပြီး ကျမက အတင်းထွက်တယ်။ ကျမအမျိုးသားလဲ နောက်ကနေလိုက်တော့ ထွက်လာတယ်။ ကျမဆင်းသွားတာလဲ မြင်လဲမြင်ရော လှေခါးအောက်က စောင့်နေတဲ့ နှစ်ယောက်လောက် သုံးယောက်လောက်ကို သူ့ကိုဖမ်းသူ့ကိုဖမ်းဆိုပြီးတော့ ပြောတယ်။ အဲဒီအခါကျတော့ လှေခါးအောက်က တယောက်က ကျမလက်ကိုလှမ်းဆွဲထားတယ်။ လှမ်းဆွဲလဲ ဆွဲရော ကျမအဲဒီလက်ကို ရိုက်ချပြီးတော့ ငါ ဝရမ်းပြေးမဟုတ်ဘူး။ ငါ့လက်ကိုလွှတ်ဆိုပြီးတော့ လမ်းမပေါ်မှာဘာဖြစ်တာလဲ ငါ့ကို မေးစရာရှိ ငါ့အိမ်လိုက်မေးဆိုပြီးတော့ ကျမက အဲလို မြန်မြန်လျှောက်ပြီးကျမအိမ်ပေါ်တက်သွားတယ်။ တက်သွားတဲ့အခါကျတော့ ကျမနောက်ကို ဆက်မလိုက်လာပဲနဲ့ နောက်နေ့ (၉) ရက်နေ့ နေ့လည် (၂) နာရီလောက်ကနေပြီးတော့ ညနေ (၆) နာရီခွဲလောက်အထိကို ကျမတို့အိမ်ပေါ့ အမျိုးသားအိမ်ပေါ့။ ကျမတို့ လက်ရှိအမျိုးသားအိမ်မှာနေတာကိုး။ ရှာဖွေတယ်ပေါ့နော် သူတို့ အဲဒီအချိန်အကြာကြီးပဲ ရှာဖွေပြီးတော့ ကျမရဲ့ မှတ်ပုံတင်တွေဘာတွေကို သူတို့ သိမ်းသွားတယ်။ သိမ်းသွားပြီးတော့ သူတို့ အိမ်ကိုလဲ ပြောတယ်ပေါ့နော်။ ကျမကို သူတို့အလိုရှိတယ်ဘာညာပေါ့နော်။ သတင်းပေးပါဘာညာ အဲလို ပြောသွားတယ်။ သူတို့ပြန်သွားတယ်။ အဲဒီနေ့ညဖက်ပဲ ကျမတို့ အရင်နေခဲ့တဲ့ စမ်းချောင်းမှာရှိတဲ့ ကျမ အဒေါ်တွေအိမ်မှာဝင်ရှာတယ်။ မတွေ့ဘူး မတွေ့တဲ့အခါကျတော့ နောက်နေ့မနက် (၁၀) ရက်နေ့ပေါ့။ (၁၀) ရက်နေ့မနက်မှာပဲ ကျမမိခင်နဲ့ ကျမအမျိုးသားရဲ့မိခင်ကို သူတို့ ဖမ်းခေါ်သွားတယ်။ ခေါ်သွားပြီးတော့ ကျမကြားတဲ့သတင်းအရ အမေနှစ်ယောက်လုံးကို ကျမကို ဖမ်းမိမှ ပြန်လွှတ်မယ်ဆိုတာမျိုးကို ကြားရတယ်။ "

ဒီဗွီဘီ။ ။ အစ်မ အမျိုးသားနာမည်က ဘယ်သူလဲ အစ်မ။

"ကိုချစ်ကိုလင်းပါ"

ဒီဗွီဘီ။ ။ ကိုချစ်ကိုလင်းရဲ့ အမေရယ်။ မသက်သက်အောင်ရဲ့ အမေရယ်ကို ဖမ်းသွားတယ်ဟုတ်လား။

"ဟုတ်ကဲ့ရှင့်"

ဒီဗွီဘီ။ ။ ကိုချစ်ကိုလင်းကရော (၈) ရက်နေ့ကတည်းက တခါတည်း ပါသွားတာလား။ ဟုတ်လား။

"ဟုတ်ကဲ့ အမျိုးသားကတော့ (၈) ရက်နေ့ကတည်းက တခါထဲ ပါသွားတယ်။"

ဒီဗွီဘီ။ ။ မသက်သက်အောင်ကရော အခုဟာ ရှောင်တိမ်းနေရတာပေါ့ အဲလိုလား။

"ဟုတ်ကဲ့ရှင့် ရှောင်တိမ်းနေရပါတယ်ရှင့်။ ကျမရဲ့ ကလေး လူမမယ်သုံးယောက်လဲ ကျန်ခဲ့တယ်ရှင့် ကျမအမေတွေကို ဖမ်းဆီးခေါ်ဆောင်သွားတယ်ဆိုတော့ ကျမရဲ့လူမမယ်ကလေး သုံးယောက်အတွက် စိတ်ပူနေပါတယ်။ ကျမ အငယ်ဆုံးကလေးလေးဆို တနှစ်နဲ့ သုံးလပဲရှိသေးတယ်အစ်ကို တနှစ်နဲ့ သုံးလ ကလေးလေးဟာဆိုရင် ကျန်းမာရေးမကောင်းဘူး။"

ဒီဗွီဘီ။ ။ ဖမ်းတာက ရဲလား ထောက်လှမ်းရေးလားအစ်မ။

"ကျမ အဲလိုမကြားဘူးရှင့်။ မကြားဘူးဆိုတာ ဘယ်အဖွဲ့ကမှန်း မသိရဘူးရှင့်။"

ဒီဗွီဘီ။ ။ အစ်မတို့ လင်မယားနှစ်ယောက်က ဘာတွေကျူးလွန်လို့လဲ

"ဆန္ဒပြပွဲတွေမှာ ကျမတို့ ရဟန်းသံဃာတွေနဲ့အတူ ပါဝင်ခဲ့တယ်။ ဒီဆန္ဒပြပွဲတွေကို ဦးဆောင်ပါဝင်ခဲ့တဲ့အပြစ်ဆိုပါစို့အစ်ကို၊ ပြည်သူလူထုနဲ့အတူ ကျမတို့က အမှန်တရားထုတ်ဖော်ခဲ့တယ်။ အဲဒီအတွက်ပဲအစ်ကို။ ကျမ အဲဒါ အခုဆိုရင် သတင်းစာတွေ သတင်းမီဒီယာတွေထဲမှာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်မယ်။ နိုင်ငံရေးအရ ဖြေရှင်းမှုတွေလုပ်မယ်ဆိုပြီး ကမ္ဘာကိုရော ပြည်သူတွေရော သူတို့ကြေညာထားတယ်ပေါ့နော်။ ဒါပေမဲ့ကျမတို့ကို ဒီလိုမျိုး ကျမရဲ့ခံစားရတဲ့ ဒီလိုလုပ်ရပ်မျိုးဆိုတကယ့်ဥပဒေမဲ့ပေါ့နော်။ အစိုးရတရပ်အနေနဲ့ လုံးဝမလုပ်သင့်တဲ့ လုပ်ရပ်တွေ ဒါ ပြန်ပေးဆွဲတာလား။ ဒါးပြဂိုဏ်းလုပ်ရပ်တွေလိုမျိုးဖြစ်နေတယ်။ အဲဒါတွေကို ကမ္ဘာကရော ကြားဝင်စေ့စပ်နေတဲ့ မစ္စတာဂမ်ဘာရီတို့ရော သိမယ်မထင်ပါဘူးရှင့်။ ကျမတို့က သိစေချင်တယ်၊ ကျမတို့ကို ဒီလိုမျိုးလုပ်ရပ်နဲ့ ဒီလိုမျိုးလူမဆန်တဲ့လုပ်ရပ်တွေလုပ်နေတယ်ဆိုတာမျိုးတွေ"

ဒီဗွီဘီ။    ။ ရင်ထဲမှာဘာတွေများပြောစရာရှိလဲခင်ဗျ။ ကလေးတွေနဲ့ပတ်သက်ပြီးတော့

"ဟုတ်ကဲ့ရှင့် ကျမကလေးတွေနဲ့ပတ်သက်လို့ရှိရင် ကျမ အရမ်းစိတ်ပူတယ်။ ကလေးတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ကလေးတွေအတွက် စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ဆိုတာ ဒုက္ခရောက်မှာပါ ကလေးတွေလေ။ အမေနှစ်ယောက်လဲ ပါသွားတယ်။ အမေအရင်းဖြစ်တဲ့ ကျမကလဲ ဒီလိုမျိုး ဖြစ်နေတဲ့အခါမျိုးကျတော့ ကလေးတွေအတွက်ကို ကျမအရမ်းကို စိတ်ပူနေပါတယ်လို့။ ဟုတ်ကဲ့ရှင့်။"

အာဏာပိုင်တွေက လိုက်လံဖမ်းဆီးနေတဲ့အတွက် သားသမီးသုံးဦးကိုပစ်ပြီး တိမ်းရှောင်နေရသူ ဒေါ်သက်သက်အောင်နဲ့ ဆက်သွယ်မေးမြန်းချက်ဖြစ်ပါတယ်။ ■

## နည်းဗျူဟာအသစ်ကို အသုံးပြုမည်

***ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇***

အခုလ (၁၄) ရက်နေ့ မန္တလေးမှာ ပြုလုပ်မဲ့ အမျိုးသား ညီလာခံထောက်ခံရေး လူထုအစည်းအဝေးမှာ ပြည်သူ့သဘောထား အစစ်အမှန်ဖော်ထုတ်သွားဖို့ စီစဉ်ထားကြောင်း လူထုလှုပ်ရှားမှုကြီးကြပ်ရေးကော်မတီ အထက်မြန်မာပြည် လူငယ်တာဝန်ခံတဦးကပြောပါတယ်။ အသက် (၁၆) နှစ်အောက် လူငယ်ကျောင်းသား (၁) သောင်း မတက်မနေရတက်ဖို့ မန္တလေးတိုင်း ကြံ့ခိုင်ရေးအသင်းက စီစဉ်ထားတယ်လို့ သူကပြောပါတယ်။

လူထုလှုပ်ရှားမှုကြီးကြပ်ရေးကော်မတီက စုစည်းထားတဲ့ လူငယ်ကျောင်းသားတွေ အနေနဲ့လဲ ဒီပွဲကို တက်ရောက်မယ်လို့ သိရပါတယ်။ ဒါပေမဲ့ အာဏာပိုင်စီစဉ်ထားသလို ကြွေးကြော်အော်ဟစ်မှာ မဟုတ်ဘဲ သာ




သနာဖျက်တဲ့အစိုးရ အလိုမရှိ သံဃာသတ်တဲ့အစိုးရ အလိုမရှိ သန်းရွှေလက်ပါးစေ ကျဆုံးပါစေ ပြည်ပမီဒီယာ အမြဲနားဆင်ပါ စတဲ့ လူထုသဘောထားအမှန်တွေကို ကြွေးကြော်အော်ဟစ်သွားဖို့ ပြင်ဆင်ထားတယ်လို့လဲ ပြောပါတယ်။ အလားတူ (၁၅) နဲ့ (၁၆) ရက်နေ့မှာလုပ်မဲ့ ရန်ကုန်လူထုအစည်းအဝေးတွေမှာလဲ အလားတူ ကြွေးကြော်သံတွေအော်ဟစ်ပြီး လူထုဆန္ဒသဘောထား အမှန်ဖော်ထုတ်ဖို့ ပြင်ဆင်ထားတယ်လို့လဲ သူက ပြောပြ သွားပါတယ်။ ■

## မြန်မာစစ်အစိုးရကို ဝေဖန်ထားတဲ့ လုံခြုံရေးကောင်စီ ဥက္ကဌရဲ့ ကြေညာချက်ထုတ်ပြန်

***ဗွီအိုအေ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇***

ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဌက မြန်မာပြည်ဆိုင်ရာ ထုတ်ပြန်ချက်ကို မနေ့ကပဲ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒီကြေညာချက်ကို လုံခြုံရေးကောင်စီရဲ့ အလှည့်ကျသဘာပတိ ဖတ်ကြားခဲ့တာကို ဦးကျော်အောင်လွင် ကတင်ပြပေးထားပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဌရဲ့ ထုတ်ပြန်ကြေညာချက် မနေ့ကဘဲထွက်လာခဲ့ပါပြီ။ ဒါဟာ လုံခြုံရေးကောင်စီသမိုင်းမှာ မြန်မာပြည်နဲ့ပတ်သက်ပြီးတော့ ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်ရတဲ့ ကြေညာချက်လည်းဖြစ်ပါတယ်။ မြန်မာပြည်ရဲ့အခြေအနေတွေက ဆိုးရွားလာနေလို့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကနေ စိုးရိမ်တကြီးဖြစ်လာရလို့ အခုလိုမျိုးဆောင်ရွက်မှုတွေကို လုပ်လာရတာပါ။ ကြေညာချက်ထဲမှာပါဝင်တဲ့ အဓိကအချက်တွေကို လုံခြုံရေးကောင်စီ အစည်းအဝေးရဲ့ သဘာပတိက အခုလို ဖတ်ပြပါတယ်။

"မြန်မာပြည်အတွင်းမှာ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြခဲ့ကြတာတွေကို အကြမ်းဖက် နှိမ်နင်းခဲ့တာနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြင်းအထန် ရှုံ့ချ ကန့်ကွက်ပါတယ်။ ဒါဟာ လုံးဝ လက်ခံနိုင်စရာမရှိပါဘူး။ အောက်တိုဘာလ ၂ ရက်နေ့က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနေ ချမှတ်ခဲ့တဲ့ မြန်မာပြည်က လူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီကနေ ကြိုဆိုပါတယ်။ မြန်မာစစ်အစိုးရကနေ ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ကိစ္စဟာ အရေးကြီးပါတယ်။ ဒါကို ဦးစားပေးပြီးတော့လုပ်ရမယ်လို့ လုံခြုံရေးကောင်စီကနေ သဘောထားပါတယ်။ မြန်မာပြည်ကအခြေအနေတွေကို ဖြေရှင်းတဲ့အခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့အတူ ပူးပေါင်းလုပ်ဆောင်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းဆောင်ရွက်ဖို့ လုံခြုံရေးကောင်စီကနေ မြန်မာစစ်အစိုးရကိုတိုက်တွန်းလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တကယ်စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ရယ်၊ နောက်ပြီးတော့ တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ရော သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပါ စစ်မှန်တဲ့ဆွေးနွေးမှုတွေကို လုပ်ကိုင်ဖို့ကိစ္စဟာလည်း လိုအပ်တဲ့အခြေအနေတွေဖြစ်လို့ ဒါတွေကို အကောင်အထည်ဖော်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအထိ ပေါ်ပေါက်လာအောင်လုပ်ဖို့ မြန်မာစစ်အစိုးရကို လုံခြုံရေးကောင်စီကနေ တိုက်တွန်းပါတယ်။ ဒီကိစ္စတွေမှာ ကုလသမဂ္ဂဖက်ကလည်း တိုက်ရိုက် ကူညီအားပေးနေမှာပါ။

မြန်မာ့အရေးကို အခု ကြားဝင်ဆောင်ရွက်ပေးနေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဂမ်ဘာရီ ရဲ့ တိုက်တွန်း ကမ်းလှမ်းချက်တွေကိုလည်း လေးလေးနက်နက်စဉ်းစားဖို့ကို မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ မြန်မာပြည်သူတွေအားလုံးနဲ့ သက်ဆိုင်တယ်၊ မြန်မာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လူ့အခွင့်အရေးကိစ္စတွေနဲ့ပတ်သက်ပြီးတော့

လိုအပ်ချက်တွေကို ဂရုတစိုက်ဖြေရှင်းဖို့ ပြည်သူတွေအားလုံးကို အမှန်အတိုင်း တင်ပြဖို့၊ မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာစစ်အစိုးရအကြား ဆက်ဆံရေးဝန်ကြီးခန့်အပ်ပြီးတော့ လုပ်ဆောင်မယ်ဆိုပြီး ပြည်သူတွေကို ကတိပေးထားတဲ့ကိစ္စကိုလည်း လုံခြုံရေးကောင်စီကနေ ကြိုဆိုပါတယ်။ နောက်ပြီးတော့ မစ္စတာ ဂမ်ဘာရီ ကို နောက်တကြိမ် မြန်မာပြည်ကိုလာခဲ့ဖို့ ဖိတ်ခေါ်တာကိုလည်း အသိအမှတ်ပြုပါတယ်။ မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကနေ အမြန်ဆုံးပြန်လာခဲ့ပြီးတော့ ထိရောက်တဲ့ လုပ်ငန်းစဉ်တွေနဲ့ သေချာရေရာတဲ့ ရလဒ်တွေထွက်ပေါ်လာဖို့ကိုလည်း ကျနော်တို့က အလေးအနက်ထားနေပါတယ်။ မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကိုရောက်တဲ့အခါမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ အပြည့်အ၀ ပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း လုံခြုံရေးကောင်စီကနေ မြန်မာစစ်အစိုးရကို တိုက်တွန်းပါတယ်။

မြန်မာပြည် ဒီမိုကရေစီကူးပြောင်းမှုမှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရေးအတွက် အာဆီယံနိုင်ငံတွေကနေ ကျပ်ကျပ်မတ်မတ်နဲ့တိုက်တွန်းနေတာကိုလည်း ကြိုဆိုပါတယ်။ အာဆီယံနိုင်ငံတွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးတယ်လို့လည်း မြင်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးရဲ့ရည်ရွယ်ချက်ဟာ မြန်မာ့အရေးကိစ္စမှာ လုပ်ငန်းစဉ်အလိုက် ရှိနေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာပြည် ဒီမိုကရေစီပြောင်းလဲရေးမှာ ဝိုင်းဝန်းအားပေးကူညီလုပ်ဆောင်ကြဖို့ကိုလည်း လုံခြုံရေးကောင်စီကနေ တိုက်တွန်းပါတယ်'' လို့ မနေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့အစည်းအဝေး သဘာပတိကနေ ဖတ်ပြသွားခဲ့တာပါ။ ■

# နောက်ဆုံးရ မြန်မာပြည်တွင်းသတင်းများ

***ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇***

ဒီနေ့အတွက်ကတော့ စစ်ကြောရေးစခန်းအတွင်း သေဆုံးမှုတွေ၊ ထပ်မံဖမ်းဆီးမှု သတင်းတွေက ထိပ်ဆုံးမှာနေရာယူထားပါတယ်။ အသက် (၄၂) နှစ်အရွယ် ကျောက်ပန်းတောင်းမြို့က ကိုဝင်းရွှေ မန္တလေးက စစ်ကြောရေးစခန်းတွင်း မနေ့က သေဆုံးသွားတဲ့အတွက် တမ္ဘာလုံးက ရှုတ်ချနေစဉ်မှာ နောက်ထပ်ဖမ်းဆီးခံတဦး ဒီကနေ့ ရန်ကုန် အင်းစိန်ဂျိတ်အိုင် စစ်ကြောရေးစခန်းမှာ ထပ်မံသေဆုံးသွားပါတယ်။ သူကတော့ အသက် (၄၈) နှစ်အရွယ် ဦးသန်းအောင်ဖြစ်ပြီး နေရပ်လိပ်စာအတိအကျကို စုံစမ်းနေဆဲဖြစ်ပါတယ်။ ဦးသန်းအောင်ဟာ စက်တင်ဘာ (၂၇) ရန်ကုန်မြို့ ဆန္ဒပြပွဲအတွင်း ရိုက်နှက်ဖမ်းဆီးခံရပြီး ဒဏ်ရာအပြင်းအထန်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ စစ်ကြောရေးစခန်းအတွင်း ဆေးဝါးကုသမှုမပေးတာကြောင့် ဒီလိုမျိုးသေဆုံးသွားရတာလို့ အဲဒီ စခန်းကနေ ပြန်လွှတ်လာသူ တဦးကပြောပါတယ်။

သူတို့ (၂) ဦးရဲ့ သေဆုံးမှုကို အမည်နဲ့ အချိန်အတိအကျသိရပေမဲ့ အမည်မသိ အချိန်မသိ သေဆုံးသူ (၃) ဦးရဲ့ စာရင်းကိုလဲ ရထားပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကတော့ (၂၇) ရက်နေ့က ရိုက်နှက်ဖမ်းဆီးစစ်ဆေးနေစဉ် ကျောင်းသားလူငယ် (၂) ဦး ရန်ကုန်မြို့တော်ခန်းမရှေ့မှာတင် သေဆုံးသွားခြင်းနဲ့ နောက်တဦးကတော့ အခြားစစ်ကြောရေးစခန်းတခုဖြစ်တဲ့ ကျိုက္ကဆံမှာသေဆုံး သွားတာဖြစ်ပါတယ်။ ကျနော်တို့ ဒီဗွီဘီက ရထားတဲ့စာရင်းတွေအရဆိုရင် ရန်ကုန်မှာ ယာယီစစ်ကြောရေးစခန်း (၄) ခုဖွင့်ထားပြီး အဲဒါတွေကတော့ အခုဦးသန်းအောင်သေသွားတဲ့ အင်းစိန်ဂျိတ်အိုင် စစ်ကြောရေးခစန်း၊ အင်းစိန်မှာပဲ ဘီပီအိုင် ဆေးဝါးထုတ်လုပ်ရေးဌာန စစ်ကြောရေးစခန်း၊ အခုန ပုဂ္ဂိုလ်တဦး သေသွားတဲ့ ကျိုက္ကဆံစစ်ကြောရေးစခန်းနဲ့ အင်းစိန်ထောင်မကြီးအမှတ် (၁) စစ်ကြောရေးစခန်းတို့ ဖြစ်ပါတယ်။ ဖမ်းဆီးမှုသတင်းတွေကိုဆက်ရရင် ဒီနေ့ တက္ကသိုလ်ကျောင်းသား (၂) ဦး ထပ်မံဖမ်းဆီးခံလိုက်ရပါတယ်။ သချ်ာပထမနှစ်ကျောင်းသား မောင်ရဲမြတ်ဟိန်းနဲ့ ဥပဒေနောက်ဆုံးနှစ်ကျောင်းသူ မအေးမိမြတ်တို့ကို မနေ့ည သန်းကောင်ယံမှာ လုံခြုံရေးတပ်ဖွဲ့တွေက ဖမ်းဆီးသွားတာဖြစ်တယ်လို့ ကျောင်းသားတွေက ပြောပါတယ်။

ဒါဟာ မနေ့က (၈၈) ခေါင်းဆောင်တဦးဖြစ်သူ ကိုလှမျိုးနောင်နဲ့ မင်းသား ကိုကျော်သူတို့ ဇနီးမောင်နှံတို့ နေ့ခင်းကြောင်တောင်မှာ ဖမ်းဆီးခံရပြီး ဆက်တိုက်ထွက်ပေါ်လာတဲ့ သတင်းတွေဖြစ်ပါတယ်။ ဒါအပြင် အရင်နေ့ကလဲ ကိုကျော်ကိုကိုအပါအဝင် ဗကသ ကျောင်းသားခေါင်းဆောင် (၃) ဦး ဖမ်းဆီးခံရပြီးဖြစ်ပါတယ်။ မန္တလေးမြို့မှာလဲ ဆန္ဒပြပွဲအတွင်းပါဝင်ခဲ့တဲ့ ဆိုင်ကယ်စီး ကျောင်းသားလူငယ်တွေကို စစ်တပ်က လိုက်လံဖမ်းဆီးနေတယ်လို့ သိရပါတယ်။ ■

# ကုလအထူးကိုယ်စားလှယ် ဂမ်ဘာရီ မြန်မာပြည်အပါအဝင် အိမ်နီးချင်းနိုင်ငံတွေကို မကြာခင် ထပ်သွားမည်ဟုဆို

***ဗွီအိုအေ၊ ၁၁ အောက်တိုဘာလ၊ ၂၀၀၇***

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်ကြီး မစ္စတာ ဂမ်ဘာရီမြန်မာပြည်ကို နောက်တခေါက် ထပ်သွားတော့မယ်လို့ သိရပါတယ်။ ဒီအကြောင်း NCGUB အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့က ဝန်ကြီး ဦးဘိုလှတင့်ကို ဦးသားညွန့်ဦးက ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ အနေနဲ့ မကြာခင်မှာ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်ဖို့ ရှိတယ်လို့ မနေ့ကပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ လက်ထောက် ပြောခွင့်ရသူ မာရီး အိုကားဘီ (Marie Okabi) က သတင်းထောက်တွေကို အခုလို ပြောသွားပါတယ်။

"အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟဲမ် ဂမ်ဘာရီအနေနဲ့ အခု မကြာခင်ကပဲ မြန်မာနိုင်ငံက ပြန်ရောက်လာပြီးတဲ့နောက် အခြား မြန်မာ့အိမ်နီးချင်းတွေနဲ့မြန်မာကိစ္စ ထပ်ပြီးတော့ဆွေးနွေးနိုင်ဖို့ လာမယ့်အပတ်ထဲကို ဒီဒေသအတွင်းကို ပြန်သွားနိုင်ဖို့ အတွင်းရေးမှူးချုပ်က ဆုံးဖြတ်ထားပါတယ်။ မစ္စတာ ဂမ်ဘာရီ အနေနဲ့ လာမယ့်တနင်္လာနေ့မှာ ထိုင်းနိုင်ငံကို ရောက်ပြီးတော့ ဆွေးနွေးမှုတွေ စတင်လုပ်ပါလိမ့်မယ်။ ဒါပြီးရင်တော့ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်နိုင်ငံတို့ကို သွားရောက်ဆွေးနွေးပြီးတော့ မကြာခင်မှာ မြန်မာနိုင်ငံကိုလည်း သွားရောက်ဖို့ ရှိပါတယ်"လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ လက်ထောက်ပြောခွင့်ရ မာရီး အိုကားဘီ က ပြောသွားတာဖြစ်ပါတယ်။

အခုလိုမျိုး မစ္စတာ ဂမ်ဘာရီအနေနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေကို ဒီရက်ပိုင်းအတွင်းမှာ သွားရောက်ဖို့ရှိတယ်ဆိုတဲ့သတင်းနဲ့ပတ်သက်လို့တော့ မြန်မာ့အတိုက်အခံ အင်အားစုတွေဖက်က ဘယ်လောက်အထိ မျှော်လင့်ထားပါသလဲ၊ ဒါနဲ့ပတ်သက်လို့ အဲန်စီဂျီယူဘီ အဝေးရောက်ညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီး ဦးဘိုလှတင့် ကိုကျနော် ဆက်သွယ် မေးမြန်းကြည့်ခဲ့ပါတယ်။

"တွေ့ဆုံဆွေးနွေးပွဲတွေ အမြန်ဆုံးဖြစ်ပေါ်လာဖို့ဆိုတာ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံတို့၊ အာဆီယံနိုင်ငံတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှအရေးကြီးတယ်လို့ မြင်ပါတယ်။ အဲဒီလိုဒေသတွင်း နိုင်ငံတကာမိသားစုနဲ့၊ အထူးသဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးနဲ့အပြည့်အ၀ ပူးပေါင်းဆောင်ရွက်မှုတွေရှိခြင်းအားဖြင့် နအဖနဲ့ စကားပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီးတော့ စကားပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ ထင်မြင်ယူဆချက်တွေ၊ သဘောထားတွေကို အတိအကျ ပြောပြနိုင်လိမ့်မယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။"

ဗွီအိုအေ။ ။မြန်မာစစ်အစိုးရကတော့ ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ရုံးနဲ့ သူတို့ ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ပြောနေတာတွေတော့ ရှိပါ တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့အခေါက် မစ္စတာ ဂမ်ဘာရီ သွားတုန်းက တကယ် တန်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နဲ့ အတိုက်အခံဖက်က ဒေါ်အောင်ဆန်းစုကြည် လောက်နဲ့ပဲ တွေ့ခွင့်ရခဲ့ပါတယ်။ သူသွားချင်တဲ့နေရာတွေ၊သူတွေ့ချင်တဲ့ လူတွေ တွေ့မရတဲ့ အခြေအနေအပေါ်မှာလည်း မကျေမနပ်သံတွေ ကျနော် တို့ ကြားရပါတယ်။ အဲဒီတော့ မစ္စတာ ဂမ်ဘာရီ ဒီတခေါက် မြန်မာနိုင်ငံကို သွားရင်ရော တကယ်တန်း မြန်မာစစ်အစိုးရဖက်က သူတို့ပြောထားသလို ပူးပေါင်းဆောင်ရွက်ပ့ါမယ်ဆိုတဲ့အနေအထား ဖြစ်ပ့ါမလား။ မစ္စတာ ဂမ်ဘာရီ တွေ့ချင်ပါတယ်ဆိုတဲ့လူတွေနဲ့ တွေ့ခွင့်ရမယ်လို့ရော ယူဆပါသလားခင်ဗျ။

"နအဖ အနေနဲ့ကတော့ အခုအချိန်အထိ ပြောပြီးသားစကား တွေကိုတောင်မှ တိကျစွာလိုက်နာစောင့်ထိန်းတာမျိုးတွေမရှိခဲ့တော့ ဘာဖြစ် မယ်ဆိုတာတော့ ကျနော်တို့ ပြောရတာခက်ပါတယ်။ ဒါပေမယ့် ကျနော်တို့ အနေနဲ့က တကယ်ပဲ အခုအချိန်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့အနေနဲ့ပဲ ဖြစ်ဖြစ်၊ နအဖ တဖွဲ့လုံးအနေနဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ တိုင်းပြည်ရဲ့ အခြေအနေအမှန်၊ နိုင်ငံတကာမိသားစုရဲ့ ပကတိအခြေအနေမှန်တွေကို မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ ကိုယ်ပြောတဲ့စကားများကို တိတိကျကျ လိုက်နာမယ် ဆိုခဲ့လို့ရှိရင်တော့ ပူးပေါင်းဆောင်ရွက်သင့်တယ်။ အဲဒီလို ပူး ပေါင်းဆောင်ရွက်တာကို သက်သေပြတဲ့အနေနဲ့ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် လည်းပဲ ကိုယ့်ရဲ့ ထင်မြင်ယူဆချက်တွေကို ဖြစ်ပေါ်တိုးတက်မှုတွေအပေါ်မှာ သုံးသပ်ပြီးတော့ တိတိကျကျ ပြောသင့်တယ်။ တချိန်တည်းမှာပဲ ဒေါ်အောင် ဆန်းစုကြည်နဲ့သာမက လိုအပ်တဲ့ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံနိုင်ဖို့ကိစ္စတွေကိုပါ အဆင့်လိုက် ဆောင်ရွက်ပေးသွားသင့်တယ်လို့ ကျနော်တို့ မြင်ပါတယ်။"

ဗွီအိုအေ။ ။ဟုတ်ကဲ့ခင်ဗျ၊ အခု မစ္စတာ ဂမ်ဘာရီ က မြန်မာနိုင်ငံ ကို ထပ်သွားမယ်၊ နောက် ဒေသတွင်းကနိုင်ငံတွေကို ထပ်သွားမယ်လို့ ဆိုပါ တယ်။ အဲဒီတော့ ဦးဘိုလှတင့်တို့အနေနဲ့ ဒီတခေါက်ခရီးစဉ်မှာ သူ့ကို ဘာတွေ လုပ်စေချင်လဲ၊ သူ ဘာတွေလုပ်သင့်လဲ၊ နောက် ဘယ်သူတွေနဲ့ တွေ့သင့်တယ် လို့ယူဆလဲခင်ဗျ –

"ပထမဦးဆုံးကတည်းက ကျနော်တို့တိုက်တွန်းနေတာက မြန်မာနိုင်ငံကို မစ္စတာ ဂမ်ဘာရီသွားတာက အမျိုးသားချင်းပြန်လည် သင့်မြတ်ရေးနဲ့၊ တကယ့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ကို ပြန်ရောက်ရေး ဆိုတဲ့အခါကျတော့ အဲဒီအဆင့်တွေမရောက်ခင်မှာ ပထမဦးဆုံးအဆင့် တွေဖြစ်တဲ့ ပြည်သူလူထုဟာ ကြောက်ကြောက်လန့်လန့်နဲ့ ဘယ်အချိန် အဖမ်းခံရမလဲလို့ နေနေရတဲ့ ပြဿနာကို နအဖနဲ့အရင်ဆုံး ဆွေးနွေးသင့် တယ်။ ဒီလို ပြည်သူလူထုကို အချိန်မရွေး ဆက်ပြီးတော့ ဖမ်းဆီးမယ်၊ နှိပ်စက် မယ်၊ ဖမ်းဆီးထားတဲ့လူတွေကို၊ အဓိကခေါင်းဆောင်တွေကိုလည်း မလွှတ်ပဲနဲ့ ကျန်တဲ့လူတွေ ကိုယ်လွှတ်ချင်တဲ့ လူလောက်ပဲလွှတ်မယ်ဆိုတာမျိုးတွေ ဖြစ်နေတဲ့အတွက် ကျနော်တို့က မစ္စတာ ဂမ်ဘာရီ သွားတဲ့အခါမှာ ဒီကိစ္စ တွေကို အဓိကထားပြီး ဆွေးနွေးစေချင်ပါတယ်။ အဲဒီလို အခြေခံကောင်းတွေ မရှိပဲနဲ့တော့ နအဖ က ဘာတွေပဲပြောနေနေ ကျနော်တို့တိုင်းပြည်မှာ အဲဒီ ပြည်သူလူထုတဦးချင်းရဲ့ ဘဝလုံခြုံမှုနဲ့ အကြောက်တရားကင်းဝေးမှုတောင် မရှိသေးပဲနဲ့တော့ ဘယ်လိုနည်းနဲ့မှ အမျိုးသားချင်းပြန်လည်သင့်မြတ်ရေးဆို တာ၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာတယ်တို့ဆိုတာ အဓိပ္ပါယ်ရှိမှာ မဟုတ်ဘူးလို့ ကျနော်တို့ ပြောရမှာဖြစ်ပါတယ်။"

ဗွီအိုအေ။ ။ အခုလို ဦးဘိုလှတင့်တို့ဖက်က သူ့ရဲ့ခရီးစဉ်နဲ့ ပတ်သက်လို့ဖြစ်စေချင်တာတွေကို အတွင်းရေးမှူးချုပ်ရုံး ဖြစ်ဖြစ်၊ မစ္စတာ ဂမ်ဘာရီ ကိုဖြစ်ဖြစ် ပြောထားတာရော ရှိလားခင်ဗျ –

"ကျနော်တို့ကတော့ စဉ်ဆက်မပြတ် တင်ပြနေတာတွေတော့ ရှိပါတယ်။ ကျနော်တို့တိုင်းပြည်မှာ ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ လိုအပ်တဲ့ အခြေခံသဘောတရား အကုန်လုံးကိုတော့ တင်ပြနေတာ ဖြစ်ပါတယ်။" အန်စီဂျီယူဘီ က ဝန်ကြီး ဦးဘိုလှတင့် ပြောသွားတာပါ။

မစ္စတာ ဂမ်ဘာရီ အနေနဲ့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကပဲ မြန်မာနိုင်ငံကို သွားရောက်ပြီးတော့ ပြန်ရောက်ခဲ့တာပါ။ သူပြန်လာပြီးတဲ့နောက်မှာတော့ မြန်မာစစ်အစိုးရဖက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးမယ်ဆိုတဲ့ စကားတွေ စပြောလာခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုအချိန်အထိတော့ မြန်မာနိုင်ငံအတွင်းမှာ ဖိနှိပ်မှုတွေ၊ဖမ်းဆီးမှုတွေ၊ တင်းကြပ်မှုတွေကတော့ ရှိနေ ဆဲလို့ ပြောရမှာပါ။ ■

---

## မိသားစုဝင်များကို ဓားစာခံများအဖြစ် ဖမ်းဆီးနေခြင်းကို (၈၈) မျိုးဆက်ကျောင်းသားများက ဝေဖန်ရှုတ်ချ

*ဒီဗွီဘီ၊ ၁၁ အောက်တိုဘာလ၊၂၀၀၇*

အခုလို မိသားစုဝင်တွေကို ဓားစာခံတွေလို တရားလက်လွတ် ဖမ်းဆီးနေတဲ့အပေါ် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့က စစ်အစိုးရကို ဝေဖန်ရှုတ်ချလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ တရားဥပဒေ စိုးမိုးရေး လုံးဝမရှိဘူး ဆိုတာ သက်သေပြနေသလို ပြည်သူတွေဟာ ဥပဒေရဲ့အကာအကွယ် စောင့် ရှောက်မှု လုံးဝမရှိဘူးဆိုတာ အထင်အရှားပြနေတာလို့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစိုးထွန်းက အခုလိုပြောပါတယ်။

"ကျနော်တို့ တိုင်းပြည်မှာဖြစ်နေတာက ကျနော်တို့ ပြည်သူတွေ ဟာ ဥပဒေရဲ့အကာအကွယ်ကို လုံးဝမရသလိုဖြစ်နေပြီ အခုဟာက လာရှာ တယ် လာရှာတဲ့အခါမှာသူတို့ ဖမ်းချင်တဲ့လူကို မတွေ့ရင် ကျန်တဲ့ရှိတဲ့လူတွေ ကို ဖမ်းတယ်ဆိုတဲ့ပုံစံမျိုးတွေဟာ ဒါဟာ ပြန်ပေးဆွဲတဲ့ ပုံစံမျိုးတွေ ဖြစ်ကုန်ပြီ ဥပဒေရဲ့အကာအကွယ်အစောင့်အရှောက်မရှိတော့ဘူး။ အဲဒီတော့ ကျနော်ဆို လဲ ကျနော့်ယုံကြည်ချက်အရ ကျနော်တို့ငြိမ်းချမ်းစွာနဲ့ ဥပဒေဘောင်အတွင်း ကနေ ကျနော်တို့ ဖြစ်ချင်တဲ့ ဆန္ဒတွေကို တိုက်တွန်းတယ်။ ပြောဆိုတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကျနော်တို့တွေ တောက်လျှောက် ပွင့်ပွင့်လင်းလင်းနဲ့ ကျနော်တို့ဖြစ်ချင်တာတွေ ဆန္ဒတွေပြောကြတယ်။ ကျနော့် မိသားစုနဲ့မဆိုင်ဘူး။ တဦးချင်းယုံကြည်ချက်နဲ့ ကျနော်တို့ ပြောကြတယ်။ ဒါပေမဲ့ မဆိုင်တဲ့ ကျနော်တို့ရဲ့ မိဘတွေမှာပါ။ ဆွေမျိုးသားချင်းတွေမှာပါ။ ဒုက္ခရောက် နေကြတယ်။ ဖမ်းဝရမ်းတွေ မရှိပဲနဲ့ ဖမ်းဆီးတာမျိုးတွေ ဥပဒေမဲ့ ရှာဖွေ စစ်ဆေးတာမျိုးတွေကို ကျနော်တို့မဖြစ်စေချင်ဘူး။ ဖမ်းဆီးမှုနှိပ်ကွပ်မှု တွေနဲ့ တိုင်းပြည်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်လို့ မရဘူးဆိုတာ ဒီလောက်ပဲ ပြောချင်ပါတယ်။" ဒါ့အပြင် တွေ့ဆုံဆွေးနွေးရေး တကယ်လုပ်လိုတဲ့ ဆန္ဒရှိရင် မတရား ဖမ်းဆီးနှိပ်စက်ခံနေရတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကိုလဲ ချက်ချင်း ပြန်လွှတ်ပေးဖို့ ကိုစိုးထွန်းက အခုလိုတောင်းဆိုထားပါတယ်။

"ဖမ်းဆီးထားတဲ့ ဆရာတော်သံဃာတော်များဟာဆိုရင်လဲ စခန်းအ သီးသီးမှာ ကံဆောင်နေကြတယ်လို့လဲ သိရတယ်။ ရိုက်နှက်ထားတဲ့ ဒဏ်ရာဒဏ် ချက်တွေကြောင့်လဲ သူတို့ဟာ အနာတွေကရင်းပြီးတော့ ရောင်ယမ်းပြီးတော့ သူတို့ ဆွမ်းမဘုန်းပေးတဲ့အတွက် အားတွေကပိုယုတ်လာတယ်။ ပျံလွန်တဲ့ ဆရာတော် တွေက ပျံလွန်တော်မူကုန်ကြတယ်လို့လဲ သိရတယ်။ ပြီးတော့ ဒီဒဏ်ရာဒဏ်ချက် တွေကြောင့် ကျန်းမာရေးအခြေအနေက တော်တော်ဆိုးဝါးနေတယ်လို့သိရတယ်။ အဲဒါကိုလဲ ကျနော်တို့ ကျန်းမာရေးအရ စောင့်ရှောက်ခွင့် အိုင်စီအာရ်စီ နိုင်ငံတကာ ကြက်ခြေနီကော်မတီအနေနဲ့ စောင့်ရှောက်ခွင့်မရှိဘူး။ ကျနော်တို့ ဥပဒေရဲ့ အကာ အကွယ်ဟာ လုံးဝမဲ့နေတယ်။ အဲဒီအတွက် နအဖ အစိုးရကို တောင်းဆိုချင်တာ ကတော့ ဖမ်းဆီးထိန်းသိမ်းထားတဲ့ အကျဉ်းသားတွေကို နိုင်ငံတကာ ကြက်ခြေနီ ကော်မတီအနေနဲ့ ကြည့်ရှုစောင့်ရှောက်ခွင့်တွေ လူမှုရေးရာ ကူညီစောင့်ရှောက်ခွင့် တွေ အမြန်ဆုံးပေးဖို့ ကျနော်တို့ တောင်းဆိုတယ်။ ဖမ်းဆီးထိန်းသိမ်းထားတဲ့ လူတွေကိုလဲ အမြန်ဆုံးပြန်လွှတ်ပေးဖို့လဲ ကျနော်တို့ တောင်းဆိုတယ်။" ■

---